# ဗတ္တိဇံ၏
# စစ်မှန်ခြင်း

ဗတ္တိဇံခံခြင်းသည် အခမ်းအနား၊ သင်္ကေတ၊ အမှတ်အသား၊ ရိုးရာဓလေ့၊ သို့မဟုတ် ခရစ်ယာန်ဘာသာ၏ တာဝန်ဝတ္တရားတစ်ခု မဟုတ်ပါ။

ဗတ္တိဇံခံခြင်းသည် ယုံကြည်ခြင်းဖြင့် လုပ်ဆောင်လျှင် စစ်မှန်သော တွေ့ကြုံခြင်းဖြစ်၍၊ ၎င်းသည် အသစ်သော အသက်တာဖြင့် လျှောက်လှမ်းနိုင်သော တန်ခိုးကို သင့်အား ပေးပါလိမ့်မည်။

## ဗတ္တိဇံခံခြင်း၏ အနက်အဓိပ္ပာယ်

ဓမ္မသစ်ကျမ်း ဂရိဘာသာစကားအရ "ဗတ္တိဇံ"၏ မူရင်းအဓိပ္ပာယ်မှာ *အကုန်အစင် စိုစွတ်စေခြင်း၊ နစ်ခြင်း၊ ရေနစ်မြုပ်ခြင်း၊ လွှမ်းခြင်း၊ နက်ရာသို့ကျခြင်းတို့* ဖြစ်သည်။ ဓမ္မသစ်ကျမ်းတွင် ကျွန်တော်တို့ကို ယေရှုခရစ်၏ အသွေးတော်အားဖြင့် *ဖြန်းခြင်း*ခံရသည် **(၁ပေ ၁း၂)**။ သို့သော် ကျွန်တော်တို့သည် ယေရှုခရစ်ကို ယုံကြည်သောအားဖြင့် *ရေထဲ၌ မြုပ်ခြင်း*ခံရသည်။

## ဗတ္တိဇံသည် ယေရှု၏ အမိန့်တော်ဖြစ်သည်

ယေရှုသည်သေခြင်းမှ ရှင်ပြန်ထမြောက်ပြီးနောက်၊ သူသည် တမန်တော်တို့ကို မိန့်မှာခဲ့သည်မှာ ***"သင်တို့သွား၍ လူမျိုးတကာတို့ကို ငါ့တပည့်ဖြစ်စေလျက်၊ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသော ဝိညာဉ်တော်၏ နာမ၌ <u>ဗတ္တိဇံ</u>ကို ပေးကြလော့"*** **မဿဲ ၂၈း၁၉။**

တပည့်တော်များ ဖြစ်စေရာတွင် အရေးကြီးသည့် အစိတ်အပိုင်းတစ်ခုမှာ "ဗတ္တိဇံ" ဖြစ်သည်။ ၎င်းသည် အကြံပေးခြင်းမဟုတ်ဘဲ အခွင့်အာဏာရှိသော ယေရှု၏ အမိန့်ဖြစ်သည် **(မဿဲ ၂၈း၁၈)**။

## ယုံကြည်ခြင်းသည် သော့ချက်ဖြစ်သည်

မာကု ခရစ်ဝင်ကျမ်းတွင်လည်း ဗတ္တိဇံပေးရန် အမိန့်ပေးထားကြောင်း မှတ်တမ်းတင် ရေးသားထားသည်၊ ***"ယုံကြည်၍ ဗတ္တိဇံကို ခံသောသူသည် ကယ်တင်တော်မူခြင်းသို့ ရောက်လတ္တံ့"*** **(မာကု ၁၆း၁၆)။**

အမိန့်ထဲတွင် ယုံကြည်ခြင်းသည် ပထမဖြစ်၍၊ ထို့နောက် ဗတ္တိဇံဖြစ်သည် ယုံကြည်ခြင်းသည် ဗတ္တိဇံကို အစစ်အမှန် ဖြစ်စေသော တန်ခိုးတော်ဖြစ်သည်။

## ဗတ္တိဇံသည် ကယ်တင်ခြင်းအပိုင်းတွင် လိုအပ်သည့် အစိတ်အပိုင်းဖြစ်သည်။

***"ယုံကြည်၍ ဗတ္တိဇံကို ခံသောသူသည် <u>ကယ်တင်တော်မူခြင်းသို့ ရောက်လတ္တံ့။</u> မယုံကြည်သောသူမူကား အပြစ်စီရင်ခြင်းကို ခံရလတ္တံ့"*** **မာကု ၁၆း၁၆။**

၎င်းသည် ယေရှု၏ စကားတော်များဖြစ်သည်။ ကယ်တင်ခြင်း၏ ပြီးပြည့်စုံခြင်းကို ကျွန်တော်တို့ အတွေ့အကြုံ ရှိလိုလျှင် ဗတ္တိဇံခံရမည်။

## ဓမ္မဟောင်းကျမ်းမှ ပုံရိပ်တစ်ခုဖြစ်သည်။

ဣသရေလလူမျိုးတို့သည် အဲဂုတ္တုမှ ထွက်သွားသည့်အခါ ပင်လယ်နီကို ဖြတ်သန်းခဲ့စဉ်က ဗတ္တိဇံအတွေ့အကြုံ ရှိခဲ့ကြသည်ဟု ရှင်ပေါလုပြောထားသည်။ ***"ညီအစ်ကိုတို့ ငါတို့ဘိုးဘေး အပေါင်းတို့သည် မိုယ်းတိမ်အောက်မှာရှိ၍၊ ပင်လယ်အရပ်၌ ရှောက်သွားကြသည်ဟူ၍၎င်း၊ မိုယ်းတိမ်နှင့် ပင်လယ်ထဲမှာ မောရှေ၌ ဗတ္တိဇံကို ခံရကြသည်ဟူ၍၎င်း၊"*** **၁ကော ၁၀း၁-၂။**

## သိုးသူငယ်၏ အသွေးတော်

သူတို့သည် အဲဂုတ္တု၌ ရှိစဉ်အခါ သိုးသငယ်ကို ပူဇော်ရန် ဣသရေလလူမျိုးတို့ကို ပြောခဲ့သည်။ သူတို့သည် သိုးငယ်၏ အသွေးကို အိမ်၏ တံခါးထုပ်နှင့် တခါးတိုင် နှစ်ဘက်၌ သုတ်ထားခြင်းဖြင့် သေခြင်းမှ ကယ်တင်ခြင်းသို့ ရောက်ရှိမည် **(ထွက် ၁၂း၁-၁၃)**။ သူတို့သည် သိုးသငယ်၏ အသွေးကို ယုံကြည်၍ သေခြင်းမှ ကယ်တင်ခြင်းသို့ ရောက်ရှိကြသည်။ ကျွန်တော်တို့ကို ရွေးနှုတ်သော ဘုရားသခင်၏ သိုးသငယ် အသွေးကို ကျွန်တော်တို့ ယုံကြည်ရန် လိုအပ်သည် **(၁ပေ ၁း၁၈-၁၉)။** ***"ယခုတွင် အသွေးတော်အားဖြင့် ဖြောင့်မတ်ရာသို့ ရောက်သည်"*** **(ရောမ ၅း၉)**။

**ရေ-** ဘုရားသခင်ပေးထားသော အသက်တာသစ်ဖြင့် ပြည့်စုံစွာ ဝင်နိုင်ဖို့ရန်အတွက်၊ ဣသရေလလူမျိုးများသည် ရေထဲ၌ သွားရသကဲ့သို့ ကျွန်တော်တို့သည်လည်း ရေထဲ၌သွားရန် လိုအပ်သည်။ ၎င်းသည် အလွန်တန်ခိုးရှိသည်။ ၎င်းသည် အံ့သြစရာ ကောင်းလှသည်။ သို့သော် ထိုအရာသည် အခမ်းအနားတစ်ခု မဟုတ်ပါ။ သူတို့၏ ရန်သူများ၊ သူတို့ကို ကျွန်ဖြစ်စေလိုသော အဲဂုတ္တု၏ စစ်သားများသည် ပြင်လယ်ထဲ၌ နစ်မြုပ်သေဆုံးကြသည်**(ထွက် ၄)**။

ထိုအရာ ဖြစ်ပျက်လာခြင်းသည် အသွေးကို ယုံကြည်သောအားဖြင့်ဖြစ်၍ ရေထဲမှ ဖြတ်သန်းကြကာ ဣသရေလလူမျိုးများသည် ကယ်တင်ခြင်းသို့ ရောက်ကြသည်။ ***"ထိုသို့ ထာဝရဘုရားသည် ထိုနေ့၌ ဣသရေလလူတို့ကို၊ အဲဂုတ္တုလူအသေကောင်တို့ကို မြင်ရကြ၏"*** **ထွက် ၁၄း၃၀။**

**ယေရှု၏အသွေးတော်ကို** ကျွန်တော်တို့ **ယုံကြည်၍ ရေ၌ ဗတ္တိဇံခံရသည်**။ ထိုအရာသည် လောက၏ ချုပ်နှောင်ခြင်းမှ လွှတ်မြောက်ခြင်း အကြောင်းဖြစ်၍ ကျွန်တော်တို့၏ ကုန်လွန်ခြင်းဖြစ်သည်။ **ကျွန်တော်တို့သည် ယုံကြည်ခြင်းနှင့် ဗတ္တိဇံခံယူခြင်းဖြင့် ကယ်တင်ခြင်းရရှိသည်။**

## ဗတ္တိဇံသည် ဧဝံဂေလိ သတင်းကောင်းအား တုန့်ပြန်ခြင်း ဖြစ်သည်။

ပင်တေကုတ္တေနေ့တွင် ရှင်ပေတရု၏ ယေရှုအကြောင်း ဟောပြောခြင်းအားဖြင့် လူတို့၏ စိတ်နှလုံးပူပန်ခြင်း ရှိသည့်အခါ၊ ထိုသူတို့က၊ ***"အဘယ်သို့ပြုရပါမည်နည်း"*** **(တမန် ၂း၃၇)။** သူတို့၏ မေးမြန်းချက်ကို ရှင်ပေတရုက တုန့်ပြန်လိုက်သည်

မှာ- ***"သင်တို့၏ အပြစ်ကို လွှတ်စေခြင်းငှါ နောင်တရကြလော့..."*** **(တမန် ၂း၃၈)**။ ရှင်ပေတရု၏ ပြောဆိုချက်မှာ အလွန်ရှင်းလင်းသည်။ ထိုတုန့်ပြန်ချက်သည် ပုံသေနည်း ဆုတောင်းခြင်း သို့မဟုတ် လက်မြှောက်ခြင်းမျိုး မဟုတ်ပါ။ သို့သော် **နောင်တရ၍ ဗတ္တိဇံခံခြင်း**ဖြစ်သည်။ ဗတ္တိဇံသည် ယေရှုတပည့်တော် တစ်ဦးအနေဖြင့် ယုံကြည်ခြင်းကို နာခံသည့် ပထမခြေလှမ်းဖြစ်သည်။

**[အခြားကျမ်း ချက်များကိုလည်း ကြည့်ပါ။ တမန် ၈း၁၂-၃၅-၃၈၊ ၁၀း၄၇-၄၈၊ ၁၆း၁၃၄-၁၅၊ ၁၈း၈၊ ဤကျမ်းချက်များတွင် ဧဝံဂေလိ သတင်းကောင်း ရရှိသည့်အခါ သူတို့၏ ယုံကြည်ခြင်းကို ဗတ္တိဇံခံယူခြင်းဖြင့် တုန့်ပြန်ကြကြောင်း မြောက်များစွာသော ပုံဥပမာများ တွေ့ရှိနိုင်သည်။]**

## ဗတ္တိဇံသည် - သေခင်း၊ သင်္ဂြိုလ်ခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်း - အသစ်သော အသက်တာဖြင့် လျှောက်လှမ်းနိုင်သည့် တန်ခိုးတော်

ဗတ္တိဇံသည် ***"အသေခံတော်မူခြင်း၌ ....ဗတ္တိဇံခံခြင်းအားဖြင့် ထိုသခင်နှင့်အတူ သင်္ဂြိုလ်ခြင်းကို ခံကြ၏။ အကြောင်းမူကား၊ ခရစ်တော်သည် ခမည်းတော်၏ ဘုန်းတန်ခိုးအားဖြင့် သေခြင်းမှ ထမြောက်တော်မူသည်နည်းတူ၊ ငါတို့သည်လည်း အသစ်သော အသက်တာ၌ ကျင်လည်ရကြသတည်း"*** **(ရောမ ၆း၃-၄)**။

၎င်း၏ ပြောဆိုချက်မှာ ဗတ္တိဇံသည် သင်္ကေတ သို့မဟုတ် အမှတ်အသားတစ်ခု မဟုတ်ပါ။ ၎င်းသည် ခမ်းနားကြီးကျယ်လှသည်။ ၎င်းသည် ***အသစ်သောဘဝသို့ လျှောက်လှမ်းနိုင်သည့်*** တံခါးဝဖြစ်သည်။ ယေရှု၏ သေခြင်း၊ ရှင်ပြန်ထမြောက်ခြင်းကို ယုံကြည်ခြင်း၍ ရေထဲ၌ နစ်မြုပ်ခြင်းဖြင့် ယေရှု၏ အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းကို ကျွန်တော်တို့ တွေ့ကြုံဝင်ရောက်ခြင်းဖြစ်သည်။

ဗတ္တိဇံခံခြင်းအားဖြင့် ***"ငါတို့၏ လူဟောင်းသည် ထိုသခင်နှင့်အတူ လက်ဝါးကပ်တိုင်မှာ အသေသတ်ခြင်းကို ခံပြီဟု ငါတို့ သိကြ၏။ အကြောင်းမူကား၊ ငါတို့သည် နောက်မှ အပြစ်တရား၏ အစေကို မခံစေခြင်းငှါ၊ အပြစ်တရား၏ ကိုယ်ကိုဖျက်ဆီးမည် အကြောင်းတည်း"*** **(ရောမ ၆း၆)**။

ယေရှုသည် ကျွန်တော်တို့ အပြစ်များကြောင့် အသေခံသည်ကို ကျွန်တော်တို့ ယုံကြည်၍၊ ဗတ္တိဇံခံယူခြင်းအားဖြင့် ကျွန်တော်တို့ သိရှိရသည်မှာ- သူသည် ကျွန်တော်တို့အတွက်သာ အသေခံသည်မဟုတ်၊ ထိုယေရှုနှင့်အတူ သူ့အထဲ၌ ကျွန်တော်တို့ အသေခံသည်။ ဗတ္တိဇံခံယူပြီးနောက်၊ ကျွန်တော်တို့ ပြောနိုင်သည်မှာ- ***"သို့သော်လည်း အသက်ရှင်သေး၏။ ငါသည် ကိုယ်တိုင်မရှင်၊ ခရစ်တော်သည် ငါ၌ ရှင်တော်မူ၏"*** ကျွန်တော်တို့ ပြောနိုင်သည် **(ဂလာတိ ၂း၂၀)**။

## လူတစ်ဦး၌ ဗတ္တိဇံခံခြင်းဖြစ်သည်။

ရှင်ပေါလုက၊ ပဋိညာဉ်ဟောင်းအောက်တွင် ဘုရားသခင်၏ လူတို့သည် ***"...မောရှေ၌ ဗတ္တိဇံကို ခံကြသည်"*** **(၁ကော ၁၀း၂)**။ ဣသရေလ လူမျိုးတို့သည် ပုဂ္ဂိုလ်တစ်ဦးဖြစ်သည့် မောရှေ၌ နစ်ခြင်းခံကြသည်။ ဆိုလိုသည်မှာ မောရှေသည် သူတို့၏ ခေါင်းဆောင်၊ ဆရာ၊ ဖုံးအုပ်သူဖခင် ဖြစ်လာသည်။ မောရှေအားဖြင့် ဘုရားသခင်သည် သူ၏ လူတို့ကို ဖုံးအုပ်၍ ညွှန်ကြားပေးခဲ့သည်။

## ခရစ်တော်၌ ဗတ္တိဇံခံခြင်းဖြစ်သည်။

ပဋိညာဉ်အသစ်တွင်လည်း ကျွန်တော်တို့၏ ဗတ္တိဇံခံခြင်းသည် ပုဂ္ဂိုလ်တစ်ဦး၌ ဖြစ်သည်။ ***"<u>ယေရှု၌ ဗတ္တိဇံကို ခံသောသူ</u> ရှိသမျှတို့သည် အသေခံတော်မူခြင်း၌ ဗတ္တိဇံကို ခံကြသည်"*** *(ရောမ ၆း၃)*။

***"<u>ခရစ်တော်၌ ဗတ္တိဇံကိုခံသောသူ</u> ရှိသမျှသည် ခရစ်တော်ကို ယူတင်ဝတ်ဆောင်သောသူ ဖြစ်ကြ၏"*** **(ဂလာတိ ၃း၂၇)**။

ယေရှုခရစ်ကို ယုံကြည်သောသူဖြစ်သည့် ကျွန်တော်တို့၏ ဗတ္တိဇံခံယူခြင်းသည် ယေရှုထဲ၌ နစ်မြုပ်ခြင်းဖြစ်သည်။ ယခု ကျွန်တော်တို့သည် ခရစ်တော်ထဲ၌ ရှိသည်။ ကျွန်တော်တို့သည် သူ၏ တပည့်များဖြစ်ကြသည်။ သူသည် ကျွန်တော်တို့၏ ခေါင်းဆောင်၊ ဆရာ၊ ဖုံးအုပ်သူနှင့် ဖခင်ဖြစ်သည်။ ဘုရားသခင်သည် ကျွန်တော်တို့ကို ခရစ်တော်၌ ဖုံးအုပ်၍ ဝတ်ဆင်ပေးသည်။ ကျွန်တော်တို့၏ ဖြစ်ခြင်း (ဝိသေသလက္ခဏာ) သည် ခရစ်တော်၌ ရှိသည်။

## ခရစ်တော်၏ ခန္ဓာကိုယ်ထဲ၌ ဗတ္တိဇံခံခြင်းဖြစ်သည်။

အသင်းတော်၊ အဖွဲ့အစည်း၊ ဂိုဏ်းဂဏတစ်ခု၏ သင်းဝင်ဖြစ်လာရန် ကျွန်တော်တို့ ဗတ္တိဇံခံယူသည် မဟုတ်ပါ။

***"ငါတို့ရှိသမျှသည် ဝိညာဉ်တော် တပါးတည်းအားဖြင့် တစ်ကိုယ်တည်းထဲသို့ ဗတ္တိဇံကို ခံကြ၏"*** **(၁ကော ၁၂း၁၃)**။

ဗတ္တိဇံခံယူခြင်းသည် ဝိညာဉ်ပိုင်းဆိုင်ရာ အတွေ့အကြုံဖြစ်သည်- ငါတို့ရှိသမျှသည် ဝိညာဉ်တော် တပါးတည်းအားဖြင့် ဗတ္တိဇံ ခံယူကြသည်။ ၎င်းသည် တစ်ကိုယ်တည်းထဲသို့ ဖြစ်သည်။ ခရစ်တော်၌ ဗတ္တိဇံခံယူခြင်းအားဖြင့် ကျွန်တော်တို့သည် ခရစ်တော်၏ ခန္ဓာကိုယ်၌ သင်းဝင်များဖြစ်လာကြသည်။

**ဗတ္တိဇံသည် အဖြစ်အမှန်ဖြစ်သည်။ ဗတ္တိဇံသည် တန်ခိုးကြီးမားသည်။ ဗတ္တိဇံသည် တန်ခိုးပါသော အတွေ့အကြုံဖြင့် အသစ်သော အသက်တာဖြင့် ယနေ့ လျှောက်လှမ်းနိုင်ရန် လိုအပ်သည်။**